# ဌာနတွင်း အရာထမ်းများ လုပ်ငန်းပိုင်းဆိုင်ရာ မွမ်းမံသင်တန်းအမှတ်စဉ် (၁) သင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော်၊ ဇွန် ၂၄

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ ဌာနတွင်း အရာထမ်းများလုပ်ငန်းပိုင်းဆိုင်ရာ မွမ်းမံသင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၄) ရက်နေ့၊ နံနက် (၀၉:၀၀) နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃၄) စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်အမှာ စကားပြောကြားပါသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးဦးဝင်းရှိန်က အဖွင့်အမှာစကားပြောကြားရာ၌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနအသီးသီး၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတက်ရေးအတွက် Human Resource – HR ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် ဌာနတွင်းသင်တန်းများပေးခြင်းသည် အဓိကကျသည့် အခန်းကဏ္ဍတွင်ရှိပြီး အလွန်အရေးကြီးကြောင်း၊ လက်ရှိအခြေအနေအရလူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့ ဦးစားပေးဆောင်ရွက်တဲ့အချိန်အခါဖြစ်ကြောင်း၊ ဌာနတွင်းမှာရှိသည့် အရာထမ်း/ အမှုထမ်းများအနေဖြင့် မိမိလုပ်ငန်းနယ်ပယ်များတွင် လုပ်ငန်းကျွမ်းကျင်မှုနှင့်တကွ အခြားပြင်ပ ဗဟုသုတအသိပညာရရှိရန် အရေးကြီးကြောင်း၊ အလားတူအစဉ်အဆက်က ရရှိထားသော ရှေးဝန်ထမ်းကြီးများထံမှ လက်ဆင့်ကမ်းပေးအပ် သင်ကြားလာတဲ့ ပညာရပ်များအပေါ် လက်ရှိ တာဝန်ယူသည့် ဝန်ထမ်းများအနေဖြင့် သင်တန်းများတွင် လွှမ်းခြုံသင်ကြားပေးရန် လိုအပ် ကြောင်းနှင့် နောင်တက်လာမည့် အနာဂတ်ဝန်ထမ်းသစ်များအတွက် ကောင်းသည့် အမွေချန်ထား ပေးရမှာဖြစ်ကြောင်း၊ ဌာနများအနေဖြင့် လက်ရှိအချိန်အခါတွင် ဌာနတွင်းသင်တန်းများ၊ ဆက်စပ် အခြားဌာနများနှင့် ပူးပေါင်းဖွင့်လှစ်သည့်သင်တန်းများကို တက်ရောက်ဖို့လိုအပ်ကြောင်း၊ သင်တန်း များကို အလေးထားတက်ရောက်ရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ဝန်ကြီးဌာနသည် ပညာရပ် ပိုင်းဆိုင်ရာဖြင့် ဆောင်ရွက်ရသည့်ဌာနဖြစ်ပြီး ပညာရပ်များသည် လေ့လာ၍ပြီးဆုံးသည့် သဘော မရှိသဖြင့်ဌာနဆိုင်ရာအကြီးအကဲများအနေဖြင့် မိမိဌာနတွင်း ဝန်ထမ်းများအတွက် လိုအပ်သည့် ပညာရပ်ဆိုင်ရာများအပေါ် သင်ကြားလေ့ကျင့်ပေးရေးအတွက် ဦးစားပေးအဆင့်မှာထားပြီး ဆောင်ရွက်ပေးဖို့ တိုက်တွန်းပြောကြားလိုကြောင်း၊ သင်တန်းတက်ရောက်ရခြင်းအတွက် တစ်စုံ တစ်ခု အကျိုးကျေးဇူးရှိရန်လိုအပ်ကြောင်း၊ မိမိအတွက်၊ ဌာနနှင့် နိုင်ငံတော်အတွက် အကျိုးရှိ စေရန်နှင့် သင်တန်းသားများအတွက် ထိရောက်အကျိုးရှိတဲ့ သင်တန်းဖြစ်စေရန် လိုအပ်ကြောင်း၊ သင်တန်သား/သင်တန်းသူများအနေဖြင့် သင်ကြားချက်များအပေါ် စနစ်တကျလေ့လာသင်ယူပြီး သင်ခန်းစာများအပေါ်ပြန်လည်အသုံးချပြီး Review ပြုလုပ်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းတစ်ယောက်

ဖြစ်သည့်အတွက် သီးခြားအခွင့်အရေး သတ်မှတ်ပေးထားခြင်းကြောင့် ပြည်တွင်း/ပြည်ပ သင်တန်းများတက်ရောက်ခွင့်ရရှိခြင်းဖြစ်၍ နိုင်ငံတော်နှင့် မိမိဌာနအပေါ်ကျေးဇူးစောင့်သိရမှာဖြစ်ကြောင်း၊ သင်တန်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိလုပ်ဖော်ကိုင်ဖက်များအပေါ် သစ္စာရှိရမှာဖြစ်ကြောင်း၊ နောင်သင်တန်းသားများအတွက် အခက်အခဲမဖြစ်အောင် ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ရသည့် အခွင့်အရေးကို အသုံးချရန်နှင့် သင်တန်းတက်ရောက်ရသည့်အတွက် နိုင်ငံတော်နှင့်ဌာနအပေါ် သစ္စာရှိရမှာဖြစ်ကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် နိုင်ငံတော်အစိုးရ ၊ အပေါင်ဆိုင်ကြီးကြပ် အုပ်ချုပ်ရေးအဖွဲ့ (State Owned Pawn–Shops Management Board) အမည်ဖြင့် စတင်တည်ထောင်ခဲ့ခြင်းကြောင့် သက်တမ်းရင့်သည့် ဌာနဖြစ်ကြောင်း၊ ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးနောက် ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့မှစ၍ မြန်မာ့အသေးစားချေးငွေလုပ်ငန်း (Myanmar Small Loans Enterprises – MSLE) အမည်ဖြင့် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သည့် နိုင်ငံပိုင်ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခု ဖြစ်လာခဲ့ကြောင်း၊ ၁-၄-၂၀၁၁ ရက်နေ့တွင် ဒီမိုကရေစီအစိုးရသစ် ပေါ်ပေါက်လာပြီး နိုင်ငံတော်၏ မူဝါဒအရ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအမံများတွင် ပါဝင်ထမ်းဆောင်ရမည်ဖြစ်၍ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြီးကြပ်စစ်ဆေးနိုင်ရန် “မြန်မာ့အသေးစားချေးငွေ လုပ်ငန်း” ကို “ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း” အဖြစ် ၁၁-၁၀-၂၀၁၁ ရက်နေ့တွင် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း၊ ထို့အပြင်နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအရ ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြီးကြပ်စစ်ဆေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၄)မှ သဘောတူခွင့်ပြုချက်ဖြင့် “မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း” အား “ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန”အဖြစ် ၁-၉-၂၀၁၄ ရက်နေ့မှ စတင်၍ ပြင်ဆင်ပြောင်းလဲဖွဲ့စည်း ခဲ့ကြောင်း၊ ၁၉၅၂ ခုနှစ်မှ စတင်တည်ထောင်ခဲ့သည့် သက်တမ်းကာလတစ်လျှောက် နိုင်ငံတော်၏ လိုအပ်ချက်အရ ဌာနကို ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း၊ ဌာနသည် အဓိကလုပ်ငန်းတာဝန်များဖြစ်သည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား နိုင်ငံပိုင်ဘဏ်များအား ကြပ်မတ်ကွပ်ကဲရန် တာဝန်ရှိမှု၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ အောင်ဘာလေထီလုပ်ငန်းအားကြီးကြပ်စစ်ဆေးတာဝန်ရှိမှုနိုင်ငံတော်၏ ခေတ်ပြောင်းလဲမှုကြောင့် နိုင်ငံခြားနှင့် ပုဂ္ဂလိကအာမခံကုမ္ပဏီများအား တာဝန်ယူကြီးကြပ်စစ်ဆေးရန် တာဝန်ရှိမှု၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းများအား ကြီးကြပ်စစ်ဆေးခြင်း တာဝန်ရှိမှုနှင့် နိုင်ငံတော်က

အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး(AML/CFT)ဆိုင်ရာ လုပ်ငန်းစဉ်မှာ ကြီးကြပ်ရေးအာဏာပိုင်အဖြစ် ဝန်ကြီးဌာနကိုယ်စား တာဝန်ယူဆောင်ရွက်ရကြောင်း၊ ဌာန၏ လုပ်ငန်းတာဝန်ကြီးမားကျယ်ပြန့်ပြီး နိုင်ငံတကာနှင့် နှိုင်းယှဉ် ဆောင်ရွက်ရတာဖြစ်သဖြင့် ဌာန၏ တာဝန်ခံမှုတာဝန်ယူမှုတို့ကို သိရှိရန်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက ယနေ့ဖွင့်လှစ်သည့်သင်တန်း၏ ရည်ရွယ်ချက်မှာ သင်တန်းသား၊ သင်တန်းသူများ အနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများ၊ ဦးတည်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများ နှင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို သိရှိစေရန်၊ ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာန၏ ဌာနခွဲအသီးသီးက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ် များ၊ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ပိုမိုသိရှိနားလည်ပြီး လက်တွေ့ လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန်နှင့် စီမံခန့်ခွဲမှု အရည်အသွေးများ ပိုမိုတိုးတက်လာစေရန်အတွက် ယခုလို ဌာနတွင်း အရာထမ်းများ လုပ်ငန်းပိုင်း ဆိုင်ရာ မွမ်းမံသင်တန်းအမှတ်စဉ်(၁)ကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေး ဦးစီးဌာနသည် အရာထမ်း၊ အမှုထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရန် အတွက် ပုံမှန်သင်တန်းများ ဖွင့်လှစ်လျက်ရှိရာ ယခုနှစ်တွင် အရာထမ်းများ လုပ်ငန်းပိုင်းဆိုင်ရာ မွမ်းမံသင်တန်းကို ဦးစီးအရာရှိနှင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိ ရုံးချုပ်ဝန်ထမ်း အားလုံးအား ၂၀၂၄ ခုနှစ်၊ ဇွန်လ စတုတ္ထပတ်မှ ဩဂုတ်လအထိ ဖွင့်လှစ်ပေးခြင်းဖြစ်သည်ကို သိရှိရကြောင်း၊ အထက်မြန်မာပြည်ကြီးကြပ်စစ်ဆေးရေးရုံး ကွပ်ကဲမှုအောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှ စက်တင်ဘာလအထိနှင့် အောက်မြန်မာပြည်ကြီးကြပ် စစ်ဆေးရေးရုံးကွပ်ကဲမှုအောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်ရုံးများကို ၂၀၂၄ခုနှစ်၊ အောက်တိုဘာလမှ နိုဝင်ဘာလအထိ Online စနစ်ဖြင့် သင်ကြားပို့ချရန် လျာထားသည်ကို သိရှိရကြောင်း၊ ယခုဖွင့်လှစ်တဲ့ သင်တန်းအမှတ်စဉ်(၁)မှာ သင်တန်းသား/သင်တန်းသူ (၄၄)ဦး တက်ရောက်သည်ကို တွေ့ရှိရကြောင်း၊ ယခုသင်တန်းတွင် နိုင်ငံတော်၏စီးပွားရေး ဦးတည်ချက်များ၊ လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက ချမှတ်ထားသည့် ဦးတည်ချက်များ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ မူဝါဒများ၊ ငွေရေးကြီးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်များ၊ ရုံးချုပ်ဌာနခွဲများ နှင့် ၎င်းတို့၏လုပ်ငန်းတာဝန်များ၊ အသေးစားချေးငွေလုပ်ငန်း၏ သဘောသဘာဝနှင့် ကြီးကြပ် ကွပ်ကဲခြင်းများ၊ အာမခံလုပ်ငန်းပိုင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲခြင်းပညာရပ်များ၊ အသက် အာမခံနှင့် အထွေထွေအာမခံအမျိုးအစားနှင့် ကြီးကြပ်ကွပ်ကဲမှု လုပ်ငန်းစဉ်များ၊ အသေးစား

ငွေရေးကြေးရေးလုပ်ငန်းနှင့် အာမခံလုပ်ငန်းတို့ လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များ၊ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး (AML/CFT) ဆိုင်ရာ ကြီးကြပ်မှုလုပ်ငန်းများ၊ ကြီးကြပ်ရေး အာဏာပိုင်များနှင့် သတင်းပို့အဖွဲ့အစည်းများက လိုက်နာဆောင်ရွက်ရမည့် (AML/ CFT) ဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ဝန်ထမ်းများလိုက်နာရမည့် နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများ၊ ရုံးလုပ်ငန်း သဘောတရား၊ ပုံသေပိုင်ပစ္စည်း ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဆုံးရှုံးမှုများအား အရေးယူ ဆောင်ရွက်ခြင်းများ၊ အခြေခံစာရင်းပြု ဌာနများအတွက် ငွေစာရင်းထိန်းသိမ်းရေး နည်းလမ်းများနှင့် ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာ ပြုစုရေးဆွဲရန် နည်းစနစ်များ၊ နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲ ခြင်းဆိုင်ရာ ဌာန၏ဆောင်ရွက်ရမည့်အခန်းကဏ္ဍနှင့်ကြီးကြပ်ခြင်းများ၊ အောင်ဘာလေထီလုပ်ငန်း ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းများစသည့် ကျယ်ပြန့်များပြားလှသော လုပ်ငန်းပိုင်းဆိုင်ရာများကို ပို့ချသွားမှာဖြစ်တဲ့အတွက် ဗဟုသုတအနေနဲ့ လေ့လာမှတ်သားရမှာဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

လက်ရှိနိုင်ငံတော်အနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကိုရည်မှန်းချက်ထား တည်ဆောက်ရာတွင် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားကို အဓိကတာဝန်ယူမောင်းနှင်နေသော နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍသည်လွန်စွာအရေးကြီးပြီးနိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကောင်းမွန် သော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးတို့ အဖက်ဖက်မှဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝတဲ့ နိုင်ငံ့ဝန်ထမ်း များကို မွေးထုတ်ပေးနိုင်ရန် ရေရှည်မျှော်မှန်းချက် (Vision)ထားရှိကြဖို့ဖြစ်ကြောင်း၊ စွမ်းဆောင်ရည် ပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းများ မွေးထုတ်ပေးခြင်းဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု လုပ်ငန်းများကို ဆောင်ရွက်ရာတွင်ထိရောက်မှုရှိ၍ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ဖို့ အလေးထားဦးတည်ဆောင်ရွက်ရမှာဖြစ်သလို နိုင်ငံတော်မှာရှိတဲ့ ပြည်သူများ အတွက် ထိရောက်အကျိုးရှိတဲ့ဝန်ဆောင်မှုကောင်းတွေကိုလည်း ဆောင်ရွက်သွားကြဖို့ လိုအပ် ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက ဌာနအနေဖြင့် Small Loan လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာမှ Small Loan လုပ်ငန်းကို ဖျက်သိမ်း၍ ဦးစီးဌာနသို့ ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းဖြစ်၍ တာဝန်များစွာကို ထမ်းဆောင်ရတာ ဖြစ်ကြောင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဆောင်ရွက်နေသည့် ငွေရေးကြေးရေးလုပ်ငန်းများနှင့် ဆက်စပ်နေပါသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များကို သိရှိဖို့လိုအပ်သည်ကို

ဖြည့်စွက်ပြောကြားလိုကြောင်း၊ လက်ရှိအခြေအနေအရ ဈေးကွက်တွင် လုပ်ကိုင်နေသော အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများစွာကြုံတွေ့နေရကြောင်း၊ ဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်း တာဝန်နှင့်အညီ အချို့အခက်အခဲများအပေါ် ပေါင်းစပ်ညှိနှိုင်း ကူညီဆောင်ရွက်ပေးသွားရမှာဖြစ် ကြောင်း၊ အချို့အခက်အခဲများကို စည်းမျဉ်းစည်းကမ်းနှင့် ပြန်လည်ထိန်းကျောင်းတည့်မတ်ပေးရမှာ ဖြစ်ကြောင်း၊ ထိန်းကျောင်း၍ မရသည့် အဖွဲ့အစည်းများကို အရေးယူဆောင်ရွက်ရမှာဖြစ်ကြောင်း၊ အခက်အခဲများကို တွေ့ကြုံဆောင်ရွက်ရသည့်အတွက် တာဝန်ကြီးပါကြောင်း၊ တွေ့ကြုံရသည့် အခက်အခဲများကို အခြေအနေကောင်းအဖြစ် ဖန်တီးရမှာဖြစ်ကြောင်း၊ မဖြစ်မနေ ဆောင်ရွက် ရမည့်ကိစ္စများအပေါ် စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ လက်ရှိ အခြေအနေများအပေါ် မျက်ခြေမပျက်လေ့လာရန် လိုအပ်ကြောင်း၊ ဌာနမှတာဝန်ရှိသူ အဆင့်ဆင့် များအနေဖြင့် နယ်မြေဒေသရောက်ရှိရန် အခွင့်အလမ်းနည်းသော နယ်မြေများအထိ ရောက်အောင် သွား၍ မိမိလက်အောက်ခံဝန်ထမ်းများနှင့် ထိတွေ့၍တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကို အားပေးရန်နှင့် အခက်အခဲများကို ကြည့်ပေးရမှာဖြစ်ကြောင်း၊ လက်ရှိအခက်အခက်အခဲများ အကြား နိုင်ငံတော်အပေါ်သစ္စာရှိရှိဖြင့် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား ကျေးဇူးတင် ပါကြောင်း၊ နိုင်ငံတော်အပေါ် သစ္စာရှိရန်နှင့် ဌာန၊ ဝန်ထမ်းအပေါ်သစ္စာရှိရန်လိုအပ်ကြောင်း၊ နောင်တာဝန်ယူမည့် မျိုးဆက်များ၏ အခွင့်အလမ်းကောင်းများ ရရှိအောင်ပျိုးထောင်ပေးရမှာ ဖြစ်ကြောင်း၊ အဆင့်ဆင့် တာဝန်ယူဆောင်ရွက်ရသောအရာထမ်း၊ အမှုထမ်းများအနေဖြင့် ဌာန တိုးတက်ရေး၊ ဝန်ကြီးဌာနတိုးတက်ရေးအတွက် ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ လက်ရှိစွမ်းဆောင် ရည်များ ကျဆင်းမှု မရှိအောင် ကြိုးစားဆောင်ရွက်ရမှာဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနအကြီးအကဲ များနှင့် အဆင့်ဆင့်တာဝန်ရှိသူများအနေဖြင့် ရောက်ရှိရန်အခွင့်အလမ်းနည်းသည့် နေရာဒေသများ အထိ ရောက်အောင်သွား၍ မိမိဝန်ထမ်းများနှင့် ထိတွေ့ကြရန် လိုအပ်ကြောင်း၊ လက်ရှိအနေအထား သည် အခက်အခဲများစွာရှိသည့် အချိန်ဖြစ်၍ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအတွက် တတ်နိုင်သရွေ့ ပြန်လည်ကြည့်ပေးရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အပေါ် သစ္စာရှိရှိဖြင့် တာဝန် ထမ်းဆောင်နေကြသည့် ဝန်ထမ်းများကို အလွန်လေးစားပြီး ကျေးဇူးတင်ကြောင်း၊ လက်ရှိ တာဝန်ယူနေချိန်တွင် မိမိကိုယ်ကို တာဝန်ကျေဖို့လိုအပ်ပါကြောင်း၊ အလားတူနောက်တာဝန် ယူမည့်သူများကိုလည်း စွမ်းဆောင်ရည်မြင့်မားလာစေရန် လေ့ကျင့်ပျိုးထောင်အားပေးရမှာဖြစ် ကြောင်း၊ ထို့ကြောင့် လက်ရှိအခက်အခဲများကြားတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ထို့အတူ ယခုတက်ရောက်လာကြသူများသည် အရာထမ်းများဖြစ်သည့်အတွက် မိမိလက်အောက်ရှိ အဆင့်ဆင့်သော အရာထမ်းငယ်၊ အမှုထမ်းတို့၏ လိုအပ်ချက်များနှင့် ဌာနကြီးပွားတိုးတက်ရေး အတွက် လက်ရှိအသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၊ ထိုမှတစ်ဆင့် ဝန်ကြီး ဌာနနှင့် နိုင်ငံတော်အတွက် မျှော်မှန်းပြီး မိမိတို့လုပ်ဆောင်ချက်များသည် တစ်စုံတစ်ခုသော

အကျိုးပြုစေရန် လိုအပ်ကြောင်း၊ အလားတူဝန်ကြီးဌာန၏ စွမ်းဆောင်ရည်ကျမသွားစေရန် ရနိုင်သည့် အခွင့်အလမ်း၊ ရနေသည့်အနေအထား၊ အခြေအနေတို့ကို အသုံးချပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးမှသာ တာဝန်ကျေရာကျသလို အနာဂတ်တွင် တာဝန်ထမ်းဆောင်မည့်သူများအတွက်လည်း အဆင်သင့်ပြင်ဆင်ပေးထားရာ ရောက်မည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် တာဝန်ထမ်းဆောင်နေကြသူများ အားလုံးသည် အခက်အခဲများအကြား ကြိုးစားပြီး တာဝန်ထမ်းဆောင်ပေးကြသည့်အတွက် အများကြီးကျေးဇူးတင်ရှိကြောင်း၊ နိဂုံးချုပ်အနေဖြင့် သင်တန်းသား/သင်တန်းသူများအနေဖြင့် လက်ရှိရရှိထားသည့် အသိပညာများအပြင် တိုးတက်ပြောင်းလဲမှုများကို သင်ကြားသွားရမှာဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အလျောက်လုပ်ငန်း စွမ်းဆောင်ရည်ပြည့်ဝနေစေရန် အစဉ်အမြဲအားထုတ်ကြိုးပမ်းရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများ စောင့်ထိန်းလိုက်နာရမည့်ကျင့်ဝတ်သိက္ခာ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီကျင့်ကြံနေထိုင်ရန် လိုအပ်ပါကြောင်း၊ ကိုယ်ချင်းစာတရားထားရှိရန် လိုအပ်ပြီး ပြည်သူကိုအလုပ်အကျွေးပြုနိုင်သည့် ပြည်သူ့ဝန်ထမ်းကောင်းများအဖြစ် ခံယူ၍ နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် ဆထက်ထမ်းပိုးတိုးပြီး ကြိုးပမ်းဆောင်ရွက်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင်ကြိုးစားကြရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းတစ်ဦး စောင့်ထိန်းရမည့် တာဝန်များကိုလည်း မမေ့မလျော့ စောင့်ထိန်းကြရန်နှင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရန် အလွန်အရေးကြီးပါကြောင်း၊ ယခုသင်တန်းတွင် ပြီးပြည့်စုံအောင် လေ့လာဆည်းပူးပြီး နောင်တွင် ဌာနအတွက်အကျိုးရှိသော လုပ်ငန်းများမှာ ဦးဆောင်ဦးရွက်ပြုနိုင်တဲ့သူများဖြစ်ပါစေကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်း (၇၇) ဦး တက်ရောက်ကြပါသည်။